ရည် ညွှန်း ချက် ။ ညွှန်ကြားရေးမှူးချုပ်ရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့၏၁၅-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ စီမံ/စိမ်းလန်း/ငစရ/၁၀၆၈-၇၄/၂၀၁၂

၁။ အထက် အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ရုံးလုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်မှ ခွဲဝေချမှတ်ပေးထားသော ရန်ပုံငွေများကို ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေဖွင့်လှစ်ခြင်း ငွေစာရင်းများပြုစုခြင်းစသည်တို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုမိန့်၊ ဘဏ္ဍာရေးခွင့်ပြုမိန့်နှင့် ငွေတောင်းခံလွှာများကို အသုံးပြုသွားကြရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားခဲ့ပါသည်။

၂။ ဦးစီးရုံးချုပ်အနေဖြင့် ရည်ညွှန်းစာပါ ညွှန်ကြားချက်အတိုင်း လုပ်ငန်းခွင့်ပြုမိန့်၊ ဘဏ္ဍာရေးခွင့်ပြုမိန့်များနှင့် ငွေတောင်းခံလွှာများ တင်ပြတောင်းခံကြရာတွင် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ၃၀၀၀၀၀/-(ကျပ်သုံးသောင်းထိတိ)နှင့် အောက်ကျသင့်မည့် လုပ်ငန်းများအတွက် လုပ်ငန်းခွင့်ပြုမိန့်နှင့် ဘဏ္ဍာရေးခွင့်ပြုမိန့်အား ပူးတွဲ၍ တစ်ပါတည်းတင်ပြဆောင်ရွက်သွားနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[မောင်မောင်အောင်၊ ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူ/-
(၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
(၂) ဒု-ညွှန်ကြားရေးမှူး(ဘဏ္ဍာ)၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
(၃) ရုံးလက်ခံ
(၄) မျှောစာတွဲ
(၅) အမှုတွဲဖိုင်

D/CSSA/m(June)

# စာရင်းစစ်အကြံပြုချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

စကားပြောဖုန်းနံပါတ်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂-၇၇၀၃၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၇၁၁၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ ၇၇၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ ၇၇၀၃၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ ၇၇၀၃၇ (ရုံး)
ညွှန်ကြားရေးမှူး(အင်ယာ) ၀၂ ၇၇၀၃၉ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ ၇၇၀၃၈ (ရုံး)
Fax ၀၂ ၇၇၀၃၈
E-mail : dodzmof@mptmail.net.mm
Website: www.dryzone greening.gov.mm


စာအမှတ်။ စီမံ/ဘဏ္ဍာ/ ၅၇၃ /အ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်း/မကွေး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးမှညှိနှိုင်းဆွေးနွေးချက်အရပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်အစီရင်ခံစာများအားအလေးထားဆောင်ရွက်ရန်ကိစ္စ**

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၁၅-၆-၂၀၁၇ ရက်စွဲပါစာအမှတ် (သစ်တော)၅(၂)/၁၀(ဂ)(၄)(၅၀၄/၂၀၁၇)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းစာအရ ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းသို့ တက်ရောက်ခဲ့သည့်အစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီးထံတင်ပြခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးက **"လုပ်ငန်း/ဦးစီးဌာနအားလုံးအလေးထားဆောင်ရွက်ရန်"** ဟုမိန့်မှတ်ချက်ပြုထားပါသည်။

၂။ သို့ပါ၍အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးများ အနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတို့မှလာရောက်စစ်ဆေးသောအခါ စာရင်းစစ်ကန့်ကွက်ချက်များ၊ အကြံပြုချက်များမဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်ကြပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူကို-

(၁)ညွှန်ကြားရေးမှူးချုပ်ရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂)ဒုတိယညွှန်ကြားရေးမှူးချုပ်၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၃) ကျွမ်းကျင်သူ၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၄) ရုံးလက်ခံ
(၅) မျှောစာတွဲ (၆) အမှုတွဲဖိုင်

TTO/2017-2018(Bud)2017-2018(Letter)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့


ဆက်သွယ်ရန်ကြေးနန်း
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ -၃၃၀၃၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၅၀၁၁ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၃၃၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၃၀၃၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၃၃၀၃၇ (ရုံး)
ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ၀၂ -၃၃၀၃၉ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၃၀၃၈ (ရုံး)
Fax ၀၂ -၃၃၀၃၈
E-mail : dgdzingf@mptmail.net.mm
Website: www.dryzone greening.gov.mm


စာအမှတ်၊ စီမံ/ ဘဏ္ဍာ/ ၃၉၆ / အ(၁) /၂၀၁၆
ရက်စွဲ ။ ၂၀၁၆ ခုနှစ်၊ မေ လ ၄ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း/မကွေး/မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် လိုက်နာရန် ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များပေးပို့ခြင်း

၁။ အထက် အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများ၏ ရန်ပုံငွေ ခွဲဝေခွင့်ပြုမှုများ၊ တိုင်း/ ခရိုင်/ မြို့နယ်ရုံးများအတွက် စာရင်းစစ် စစ်ဆေးအကြံပြုချက်များအား စုစည်း၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခဲ့ရာ "ဦးစီးရုံးချုပ်ကလည်း လိုက်နာစေပါ၊ တိုင်းများသို့ ညွှန်ကြားပါရန်"ဟု မိန့်မှတ်ချက်ပြုခဲ့သဖြင့် ညွှန်ကြားချက်များအား အလေးထား လိုက်နာဆောင်ရွက်ရန် ပူးတွဲပေးပို့ပါသည်။

၂။ ဤစာအား လက်ခံရရှိကြောင်း ပြန်ကြားပါရန်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[အောင်ကျော်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်]

မိတ္တူ/-
(၁) ရုံးလက်ခံ
(၂) မျှောစာတွဲ
(၃) အမှုတွဲဖိုင်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လိုက်နာဆောင်ရွက်ရန်အချက်များ

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | အသုံးစရိတ်များအား ခွဲဝေချထားငွေထက် ပိုမိုသုံးစွဲမှု မဖြစ်ပေါ်စေရေး အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်ရန်နှင့် ခွဲဝေရရှိသည့် ဘဏ္ဍာရန်ပုံငွေများကို ခရိုင်နှင့်မြို့နယ်များသို့ အချိန်မီ ခွဲဝေချထားရန် |
| ၂ | သုံးလပတ် ရန်ပုံငွေလွှဲအပ်စာရင်းဖွင့်လှစ်ရာတွင် ငွေစာရင်းထိန်းသိမ်းရေးနည်း လမ်းညွှန်ကြားချက်နှင့် အညီ ကျပ်ဆယ်ပြည့်ဂဏန်းဖြင့် အနီးစပ်ဆုံး ဖွင့်လှစ်ရန် |
| ၃ | အသုံးစရိတ်များကို စစ်ဆေးရာတွင် TF -ပုံစံ-၁၃၁ ၌ ဘောင်ချာနံပါတ်၊ ရက်စွဲ၊ ချက် အမှတ်များ ရေးသွင်းထားရှိရန်နှင့် တာဝန်ခံအရာရှိ၏လက်မှတ်များ ပြည့်စုံစွာ ရေးထိုး ထားရှိရန် |
| ၄ | ၌ စ စာရင်းများအား ငွေစာရင်း ထိန်းသိမ်းနည်းလမ်း ညွှန်ကြားချက်နှင့်အညီ ရေးဆွဲ၍ သတ်မှတ်ကာလအတွင်း အထက်ရုံးများသို့ အချိန်မီ ပေးပို့ရန် |
| ၅ | ကူးပြောင်းချိန်ကာလအတွက် လစာထုတ်ပေးရန် ကျန်ရှိသော ဝန်ထမ်းများ၏ လစာများအား မီရာကာလတွင် ပြန်လည်ထုတ်ပေးရန် |
| ၆ | လုပ်ငန်းလချုပ် အစီရင်ခံစာ ရေးဆွဲပေးပို့ရာတွင် ကိန်းဂဏန်းများ ပြည့်စုံမှန်ကန် စေရေးအတွက် အလေးထား လိုက်နာဆောင်ရွက်ရန် |
| ၇ | လောင်စာတောင် ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း သုံးစွဲခြင်း များအတွက် ဆောင်ရွက်မှု အခြေအနေအား မှတ်တမ်းဖွင့်လှစ်ရေးသွင်းရန် |
| ၈ | ပေါင်းရှင်းခြင်း လုပ်ငန်းအား ဒေသ၏ ရာသီဥတု အခြေအနေနှင့် ဆီလျော်မှုရှိအောင် လုပ်ငန်း ဆောင်ရွက်ရန် |
| ၉ | နှစ်အတွင်း ဝယ်ယူသော ပစ္စည်းများကို လုပ်ငန်းသုံးပစ္စည်း မှတ်ပုံစာရင်းတွင် ရေးသွင်းပြီးမှ ထုတ်ယူသုံးစွဲရန် |
| ၁၀ | ဦး-စ-၄ စာရင်းများ ရေးဆွဲရာတွင် ပြည့်စုံစွာ ရေးဆွဲရန်နှင့် အသုံးစရိတ်များ ကျခံ သုံးစွဲရာတွင် ငွေစာရင်းခေါင်းစဉ် မှန်ကန်စွာ သုံးစွဲနိုင်ရေး ဂရုပြုဆောင်ရွက်ကြရန် |
| ၁၁ | လပေးပုတ်ပြတ်နှင့် နေ့စားလုပ်သားများ၏ အလုပ်တက်၊ အလုပ်ဆင်းမှတ်ပုံတင် ဇယား ရေးဆွဲ ထားရှိရန် |
| ၁၂ | နှစ်အဆက်ဆက် စိုက်ခင်း တည်ထောင်ခြင်း ၊ သဘာဝတောကျန်များ ထိန်း သိမ်းခြင်း မှတ်ပုံတင်တို့အား ဆောင်ရွက်သည့်လုပ်ငန်းများအလိုက် အချိန်နှင့်တပြေးညီ ရေးသွင်းဆောင်ရွက် သွားရန် |
| ၁၃ | ခရီးစရိတ်ထုတ်ယူသည့် ပြေစာများတွင် ကားလက်မှတ်များနှင့် MO များ မှန်ကန်ပြည့်စုံစွာ ပူးတွဲထားရန် |
| ၁၄ | လိုင်းစင်သက်တမ်း ကုန်ဆုံးနေသော ဌာနပိုင်ယာဉ်များအား အချိန်မီ သက်တမ်းတိုး ဆောင်ရွက်ရန် |
| ၁၅ | ဝန်ထမ်းများ၏ နှစ်တိုးလစာများ အချိန်မီ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်သွားရေးနှင့် နှစ်တိုး မှတ်တမ်းစာအုပ်ထားရှိသွားရန် |
| ၁၆ | ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များအတွက် ခရိုင်ရုံးမှ လုပ်ငန်းခွင့်ပြုမိန့်နှင့် ဘဏ္ဍာရေး ခွင့်ပြုမိန့် ချမှတ်ထားသည့် ပုံစံဇယားများတွင် ပြည့်စုံစွာ ရေးသွင်းကြရန် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

ဖုန်းပြောင်းကြားရန်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ ၇၁၀၄၂ (ရုံး)
(ငွေစုဥ်တော်) ၀၆၇-၄၀၅၇၁၁၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ ၇၁၀၄၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ ၇၁၀၄၁ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ ၇၁၀၄၇ (ရုံး)
ညွှန်ကြားရေးမှူး(အင်ဂျင်) ၀၂ ၇၁၀၄၉ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ ၇၁၀၄၈ (ရုံး)
Fax ၀၂ ၇၁၀၄၈
E-mail : dedzmoff@mptmail.net.mm
Website: www.dryzone greening.gov.mm

စာအမှတ်။ စီမံ/ ဘဏ္ဍာ/ ၆၄၇ /အ(၁) /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ် ၊ ဇူလိုင် လ ၁၀ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်း/မကွေး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **စာရင်းစစ်အစီရင်ခံစာများပေးပို့ရန်ကိစ္စ**

ရည်ညွှန်းချက်။ (၁)ဦးစီးရုံးချုပ်၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏၈-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊စီမံ/ဘဏ္ဍာ/၆၅၂/အ(၁)/၂၀၁၅
(၂)ဦးစီးရုံးချုပ်၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏၈-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊စီမံ/ဘဏ္ဍာ/၅၃၂/အ/၂၀၁၇

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊တိုင်းဒေသကြီးများအနေဖြင့် တိုင်း/ခရိုင်/မြို့နယ်များအလိုက်စာရင်းစစ်၊စစ်ဆေးချက်အစီရင်ခံစာပါ အရေးယူဆောင်ရွက်ရန် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ မိတ္တူပေးပို့ရန် ရည်ညွှန်းစာများဖြင့် ညွှန်ကြားထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ အခြေခံစာရင်းပြုဌာနများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဒု(၆)လမှစ၍ စာရင်းစစ်အကြံပြုချက်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာစာရင်းရုံးများသို့ ဆောင်ရွက်ပြီးစီးမှု ပြန်လည်ပေးပို့ရာတွင် စာရင်းစစ်အစီရင်ခံစာမိတ္တူပါ ပူးတွဲလျက် ဦးစီးရုံးချုပ်၊စီမံခန့်ခွဲရေးဌာနသို့ ပေးပို့ရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူကို-
(၁)ညွှန်ကြားရေးမှူးချုပ်ရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂)ကျွမ်းကျင်သူ၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၃)ရုံးလက်ခံ
(၄) မျှောစာတွဲ
(၅) အမှုတွဲဖိုင်

TTO/2017-2018(Bud)2017-2018(Letter)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့


| | | |
|---|---|---|
| စာပေးစာယူလိပ်စာ | | |
| ညွှန်ကြားရေးမှူးချုပ်(မန္တလေး) | ၀၂ | -၅၇၀၃၂ (ရုံး) |
| (နေပြည်တော်) | | ၀၆၇-၄၀၅၀၀၀ (ရုံး) |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၂ | -၅၇၀၃၆ (ရုံး) |
| ညွှန်ကြားရေးမှူး(စီမံ) | ၀၂ | -၅၇၀၃၁ (ရုံး) |
| ညွှန်ကြားရေးမှူး(စီမံကိန်း) | ၀၂ | -၅၇၀၃၇ (ရုံး) |
| ညွှန်ကြားရေးမှူး(တင်ယာ) | ၀၂ | -၅၇၀၃၉ (ရုံး) |
| လ/ထညွှန်ကြားရေးမှူး(စီမံ) | ၀၂ | -၅၇၀၃၈ (ရုံး) |
| Fax | ၀၂ | -၅၇၀၃၈ |

E-mail : dgdznof@myanmar.net.mm
Website: www.dryzonegreening.gov.mm


စာအမှတ်၊ စီမံ/ဘဏ္ဍာ/ ၆၅၂ /အ(၁)/၂၀၁၅
ရက် စွဲ ။ ၂၀၁၅ ခုနှစ် ၊ ဇူလိုင်လ ၈ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း/မကွေး/မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ စာရင်းစစ် စစ်ဆေးချက် အစီရင်ခံစာများ ပေးပို့ရန်ကိစ္စ

အထက် အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးများအနေဖြင့် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လမှစ၍ တိုင်း/ခရိုင်/မြို့နယ်ရုံးအလိုက် စာရင်းစစ် စစ်ဆေးချက် အစီရင်ခံစာပါ အရေးယူဆောင်ရွက်ရန် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သက်ဆိုင်ရာ စာရင်းရုံးသို့ ပြန်ကြားစာများ ပေးပို့ရာတွင် သတ်မှတ်ရက်အတွင်း ပေးပို့ရန်နှင့် ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ မိတ္တူ ပေးပို့တင်ပြရန် ညွှန်ကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[အောင်ကျော်ထွန်း၊ ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူ/-

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
(၂) ရုံးလက်ခံ
(၃) မျှောစာတွဲ
(၄) အမှုတွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

တယ်လီဖုန်းနံပါတ်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ -၅၇၀၄၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၅၀၁၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၅၇၀၄၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၅၇၀၃၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၅၇၀၃၃ (ရုံး)
ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ၀၂ -၅၇၀၃၉ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၅၇၀၃၀ (ရုံး)
Fax ၀၂ -၅၇၀၃၈
E-mail : dgdzmof@mptmail.net.mm
Website: www.dryzone greening.gov.mm

စာအမှတ်၊ စီမံ/ဘဏ္ဍာ/ ၂၂၀၄-၂၂၀၇/ အ(၁)/၂၀၁၃
ရက် စွဲ ။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **စာရင်းစစ်ဆေးတွေ့ရှိချက် (စာရင်းစစ်ကန့်ကွက်ချက်) အရနိုင်ငံတော်၏ဘဏ္ဍာငွေများ ပြန်လည်ပေးသွင်းသည့်ကိစ္စ**

ရည် ညွှန်း ချက် ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၏ ၅-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၂/၁၇၀(က)(၁)(၇၆၀၂/၂၀၁၃)

၁။ အထက် အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် စာရင်းစစ်တွေ့ရှိချက်အရ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းသို့ ပြန်သွင်းရန်ပေါ်ပေါက်သည့်ကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးများအနေဖြင့် စာရင်းစစ်တွေ့ရှိချက်အရ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းသို့ ပြန်သွင်းရန်ပေါ်ပေါက်သည့်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ညွှန်ကြားချက်အား လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါသည်။ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ညွှန်ကြားချက်အားပူးတွဲပေးပို့ပါသည်။)

၁၁/၁၁/၁၃

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[မောင်မောင်တင့်၊ ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူ/-

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
(၂) ရုံးလက်ခံ
(၃) မျှောစာတွဲ (၄) အမှုတွဲဖိုင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ညွှန်ကြားချက်အမှတ်၊ ၅ / ၂၀၁၃ ရက်စွဲ၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်

အကြောင်းအရာ။ စာရင်းစစ်ဆေးတွေ့ရှိချက် (စာရင်းစစ်ကန့်ကွက်ချက်) အရနိုင်ငံတော်၏ ဘဏ္ဍာငွေများ ပြန်လည်ပေးသွင်းသည့်ကိစ္စ

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ၊ ခရိုင်၊ မြို့နယ် စာရင်းစစ်ရုံးများသည် အစိုးရဌာနအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ၊ စာရင်းများကို စစ်ဆေးရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများက နိုင်ငံတော်၏ ဘဏ္ဍာငွေများ ပြန်လည်ပေးသွင်းရန် ရှိသည်တို့ကို တွေ့ရှိရသည့်အခါ နိုင်ငံတော်ဘဏ္ဍာငွေအရအသုံး စာရင်းသို့ ပြန်လည်ပေးသွင်းစေသကဲ့သို့ နောင်တွင် ထုတ်ပေးရန်ငွေမှ ခုနှိမ်ပေးရန် လိုအပ်ကြောင်းတို့ကို စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများတွင် ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂။ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်ဖက်သဘောတူစာချုပ်များ ချုပ်ဆိုပြီး နှစ်ဖက်သဘောတူ စာချုပ်ပါအတိုင်း သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်မှ ကျခံထုတ်ပေးခြင်းမှာ လုပ်ငန်းဆောင်ရွက် ပြီးစီးသဖြင့် ထုတ်ပေးခြင်း ရှိသကဲ့သို့ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ထုတ်ပေးခြင်းလည်း ရှိနိုင်ပါသည်။ သို့သော် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအရ စာရင်းစစ်ဆေးရေး အဖွဲ့များက ဒေသဈေးနှုန်းထက် ပိုပေးချေခြင်း၊ စံနှုန်းထက်ပိုသုံးစွဲခြင်း၊ မျက်မြင်စစ်ဆေးမှုအရ လုပ်ငန်း လျော့နည်းဆောင်ရွက်ထားခြင်းတို့ကို တွေ့ရှိရပြီး စာရင်းစစ်ဆေးတွေ့ရှိချက်၊ စာရင်းစစ်ကန့်ကွက်ချက် ဖြစ်ပေါ်ခြင်းကြောင့် ၎င်းပိုသုံးငွေများကို သတ်မှတ်ထားသည့် ဦးစီးဌာနများဖြစ်ပါက MD Account ၊ စီးပွားရေးအဖွဲ့အစည်းများဖြစ်ပါက SEE Account ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများဖြစ်ပါက DC Account များသို့ ပြန်လည်ပေးသွင်းစေရမည်ဖြစ်ပါသည်။

၃။ စာရင်းနှင့်လုပ်ငန်းစစ်ဆေးတွေ့ရှိချက်များအရ ပြန်လည်ပေးသွင်းရန် တာဝန်ရှိသည့် ငွေကြေးနှင့် ပစ္စည်းကို စစ်ဆေးပေါ်ပေါက်သည့် လုပ်ငန်းအရ ပြန်လည်ပေးသွင်းစေရန် ဖြစ်သော်လည်း နောင်ဆက်လုပ်သည့် လုပ်ငန်းများအတွက် ထုတ်ပေးရန်ငွေမှ ခုနှိမ်ပေးသွင်းစေခြင်းသည် အောက်ပါ မလိုလားအပ်သည့် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေပါသည်-

(က) စာရင်းဇယားများ ရှုပ်ထွေးမှု ဖြစ်စေခြင်း။

(ခ) နောင်ဆက်လုပ်သည့်လုပ်ငန်းမှ ခုနှိမ်ပေးသွင်းရခြင်းကြောင့် ယင်းလုပ်ငန်းတွင် သတ်မှတ်စံနှုန်းအတိုင်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ လုပ်ငန်းအရည်အသွေးကို ထိခိုက်စေနိုင်ခြင်း။

(ဂ) စာရင်းစစ်ဆေးတွေ့ရှိချက်၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းရမည့် ရန်ပုံငွေများကို MD Account ၊ SEE Account ၊ DC Account သို့ ပေးသွင်းရန် သတ်မှတ်ချက်ကို ထိခိုက်စေနိုင်ခြင်း။

၄။ သို့ဖြစ်ပါ၍ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းသို့ ပြန်သွင်းရန် ပေါ်ပေါက်သည့် ကိစ္စရပ်များတွင် နောင်ထုတ်ပေးရန်ငွေမှ ခုနှိမ်ရန် လိုအပ်ကြောင်းဟု ရေးသားဖော်ပြခြင်းမပြုရန်နှင့် သတ်မှတ်ထားသည့် နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးစာရင်း (MD Account၊ SEE Account၊ DC Account)သို့ စောလျင်စွာ ပေးသွင်းရန်ဟုသာ တိကျစွာ ဖော်ပြလျက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများတွင်ရေးသားဖော်ပြရန် ဖြစ်ကြောင်း ညွှန်ကြားပါသည်။

၅။ ဤညွှန်ကြားချက်အား လက်ခံရရှိကြောင်း ပြန်ကြားရန်ဖြစ်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်(ကိုယ်စား)
(မျိုးမြင့်၊ဒုတိယစာရင်းစစ်ချုပ်)

စာအမှတ်၊ စဆ / ၂၂၅ ( ၆၇ / ၂၀၁၃ )
ရက်စွဲ ၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်

ဖြန့်ဝေခြင်း

တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်အားလုံး
ညွှန်ကြားရေးမှူးများ(ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)
ညွှန်ကြားရေးမှူးများ(တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် နေပြည်တော် စာရင်းစစ်ရုံးသို့ ခရိုင်၊မြို့နယ်စာရင်းစစ်ရုံးများသို့ ဆက်လက်ဖြန့်ဝေရန် ပေးပို့ပါသည်)
ဒုတိယညွှန်ကြားရေးမှူးများ(ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)

မိတ္တူ

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ပြည်ထောင်စုအစိုးရအဖွဲ့
ပြည်ထောင်စုဝန်ကြီး၊ ~~[illegible]~~ ဝန်ကြီးဌာန / [illegible]
ရုံးလက်ခံ(စစ်ဆေးရေး/ စီမံ/လေ့ကျင့်ရေးနှင့်သုတေသန)
မျှော

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး-မန္တလေးမြို့

စကားပြောကြေးနန်း
ညွှန်ကြားရေးမှူးချုပ် ၀၂-၅၇၀၄၂ (ရုံး)
Fax ၀၂-၅၇၀၃၈(ရုံး)

ဒု-ညွှန်ကြားရေးမှူးချုပ် ၀၂-၅၇၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂-၅၇၀၃၅ (ရုံး)


စာအမှတ်၊ စီမံ/ စိမ်းလန်း/ငစရ / ၅၂၂၈ . ၅၄၄ /၀၉
ရက်စွဲ ၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်း/မန္တလေးတိုင်း/မကွေးတိုင်း

အကြောင်းအရာ။ လုပ်ငန်းနှင့်စာရင်းများစစ်ဆေးခြင်းအစီရင်ခံစာများကိစ္စ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ တိုင်း/ခရိုင်/မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနများတွင် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးခြင်းကို တိုင်း၊ ခရိုင်၊ မြို့နယ် စာရင်းရုံးများမှ နှစ်စဉ်ပုံမှန် စစ်ဆေးလျက်ရှိကြပါသည်။

၂။ စာရင်းရုံးများ၏လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် တိုင်း/ခရိုင်/ မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနများမှ ကြိုတင်၍ ပြင်ဆင်ပြုစုလိုက်နာရန် လုပ်ငန်းများနှင့် စာရင်းဇယားများကို စာရင်းရုံးများ၏ လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးခြင်း အစီရင်ခံချက်များမှ ကောက်နုတ်၍ ပူးတွဲပေးပို့အပ်ပါသည်။

၃။ တိုင်းအတွင်းရှိ သက်ဆိုင်ရာ ခရိုင်/မြို့နယ်များသို့ ညွှန်ကြားပေးနိုင်ပါရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
( ခင်မောင်ဦး၊ ညွှန်ကြားရေးမှူး(အင်/ယာ))

မိတ္တူကို-

(၁)ဒုတိယညွှန်ကြားရေးမှူးချုပ်၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့။
(၂) ညွှန်ကြားရေးမှူး(စီမံ၊ အင်/ယာ၊ စီမံကိန်း)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
(၃)ရုံးလက်ခံ (၄)မျှောစာတွဲ

### စာရင်းရုံးများ၏လုပ်ငန်းနှင့်စာရင်းများစစ်ဆေးခြင်းအစီရင်ခံစာများမှ
### တိုင်း/ခရိုင်/မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနများ
### ကြိုတင်ပြင်ဆင်ပြုစုဆောင်ရွက်ထားရန်အချက်အလက်များနှင့်စာရင်းဇယားများ

၁။ ယခင်နှစ်စစ်ဆေးချက် အစီရင်ခံစာပါ အကြံပြုချက်များမှ ဆောင်ရွက်ရန်ကျန်သည့်အချက်များ ပြီးပြတ်သည့်အထိ အလေးထား အရေးယူဆောင်ရွက်ကြရန်၊

၂။ ပုံသေပိုင် ပစ္စည်းမှတ်တမ်းနှင့် ယာဉ်တစ်စီးချင်းအလိုက် ပြင်ဆင်မှုမှတ်တမ်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

၃။ ပစ္စည်းဟောင်းများအား ပစ္စည်းဟောင်းမှတ်ပုံတင်စာအုပ်ဖွင့်လှစ်ရေးသွင်းရန်၊

၄။ စက်သုံးဆီထုတ်ယူသုံးစွဲခြင်းများအတွက် အထောက်အထားပြည့်စုံစွာထားရှိရန်၊

၅။ အမှုထမ်းသက်စာအုပ်များ ရေးသွင်းရာတွင် အားနည်းချက်များအပေါ် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြီးကြပ်ပြုပြင်ဆောင်ရွက်သွားရန်၊

၆။ ဘတ်ဂျက်ငွေဖြင့် ဝယ်ယူသော ပစ္စည်းများကို ပစ္စည်းစာရင်းဖွင့်လှစ်၍ ရေးသွင်းရန်၊

၇။ လုပ်ငန်းသုံးပစ္စည်းများကို ပစ္စည်းစာရင်းရေးသွင်းခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ယူသုံးစွဲထားခြင်း မရှိစေရေးနှင့် ဖြန့်ဝေမှုစနစ်တကျ မှတ်တမ်းထားရန်၊

၈။ ပစ္စည်းထုတ်ပေးမှုအတွက် အထောက်အထား ပြည့်စုံစွာထားရှိရန်၊

၉။ စက်ကိရိယာပြင်ဆင်မှုအတွက် ခွင့်ပြုထားသော ငွေရပ်ထက် ကျော်လွန်ပြင်ဆင်မည်ဆိုပါက စက်ပစ္စည်းစာရင်းအင်းနှင့်စုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ ခွင့်ပြုတောင်းခံရန်။

၁၀။ လုပ်ငန်းဆောင်ရွက်မှုအတွင်း တိုင်း/ ခရိုင်ချုပ် ပြုစုရာတွင် မြို့နယ်ရုံးများ၏ လချုပ်စာရင်းများနှင့် ကိုက်ညီမှုရှိစေရေးကြီးကြပ်ဆောင်ရွက်ရန်၊

၁၁။ လုပ်ငန်းသုံးပစ္စည်းများအား ပစ္စည်းမှတ်တမ်းရေးသွင်းရန်၊

၁၂။ မော်တော်ယာဉ်များ ပြင်ဆင်မှု၊ သုံးစွဲမှု မှတ်တမ်းထားရှိရန်၊

၁၃။ စက်သုံးဆီများ ကြိုတင်ဖြန့်ဖြူးခြင်းနှင့် ကြိုတင်ရရှိခြင်းတို့ကို အချိန်နှင့် တပြေးညီစာရင်းရေးသွင်းရန်၊

၁၄။ အမှုထမ်းသက်စာအုပ်များကို ပြည့်စွာရှိရေးဆောင်ရွက်ရန်၊

၁၅။ ဦးစ စာရင်းများကို ညွှန်ကြားချက်နှင့်အညီ ပြည့်စုံစွာ စာရင်းရေးသွင်းဆောင်ရွက်သွားရန်၊

၁၆။ ငွေလုံးငွေရင်းအသုံးစရိတ်ပြေစာများတွင် ဝယ်ယူသုံးစွဲသည့် ပစ္စည်းအရေအတွက်နှင့် ဈေးနှုန်းများ ပြည့်စုံစွာဖော်ပြရန်လိုအပ်ခြင်း၊

၁၇။ သုံးလပတ် ရန်ပုံငွေလွှဲအပ်စာရင်းဖွင့်လှစ်ရာတွင် အမှန်ထုတ်ယူငွေနှင့်အနီးစပ်ဆုံးဖွင့်လှစ်ရန်

၁၈။ ဘဏ္ဍာငွေအရ -အသုံးဆိုင်ရာ ရ-သ-စ (၆) ပြုစုရေးဆွဲရာတွင် ညွှန်ကြားချက်အတိုင်း ကျပ်
ဂဏန်းပြည့်ဖြင့်ဆောင်ရွက်ရန်၊

၁၉။ ခရီးစရိတ်ပိုငွေများရှိပါက ဘဏ္ဍာရေးနှစ်အတွင်း အမြန်ဆုံးပေးသွင်းကြရန်၊

၂၀။ အသုံးစရိတ်သုံးစွဲရာတွင် သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အောက်မှ မှန်ကန်စွာသုံးစွဲရန်၊

၂၁။ အဆောက်အဦးများဆောက်လုပ်ခြင်းကဲ့သို့သော မတည်အသုံးစရိတ်များကို သာမန်အသုံး
စရိတ်မှ ကျခံသုံးစွဲခြင်း မပြုဘဲ ငွေလုံးငွေရင်းအသုံးစရိတ်မှ စည်းမျဉ်းတကျသုံးစွဲရန်၊
ဌစာရင်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်ရန်၊

၂၂။ စခန်းချတဲဆောက်လုပ်ကုန်ကျစရိတ်အတွက် ပစ္စည်းဝယ်ယူရာတွင် ပြေစာများ ပူးတွဲတင်ပြ
ရန်၊

၂၃။ နေ့စားလုပ်အားခပေးချေရာတွင် နေ့စဉ်အလုပ်ထက် အလုပ်ဆင်းဇယား (Muster Roll)ရေး
ဆွဲထားကြရန်၊

၂၄။ ရန်ပုံငွေများ လွှဲပြောင်းသုံးစွဲရာတွင် ရ-သုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန၏ ညွှန်ကြားချက်
များအတိုင်း တိကျစွာဆောင်ရွက်ရန်၊

၂၆။ လုပ်ငန်းလွှဲပြောင်းသုံးစွဲခွင့် ခွင့်ပြုချက်ရယူရန်၊

၂၇။ ခရီးစရိတ်တောင်းခံလွှာတွင် မှန်ကန်ပြည့်စုံအောင်တင်ပြတောင်းခံရန်၊

၂၈။ လစာမှတ်ပုံတင်၊ နှစ်တိုးမှတ်ပုံတင်များ ဖွင့်လှစ်ရေးသွင်းရန်၊

၂၉။ အရံဆီ သုံးစွဲမှုမှတ်ပုံတင်များ ဖွင့်လှစ်ထိန်းသိမ်းရန်၊

၃၀။ စိုက်ခင်းမှတ်တမ်းပါအချက်အလက်များ ပြည့်စုံစွာရေးသွင်းနိုင်ရေး တာဝန်ရှိသူမှ ကြီးကြပ်
ဆောင်ရွက်ရန်၊

၃၁။ သုံးလပတ်အလိုက် ရန်ပုံငွေ လွှဲအပ်စာရင်းများကို အသေးစိတ် စနစ်တကျ တွက်ချက်ပြီး
ဖွင့်လှစ်ရန်၊

၃၂။ တယ်လီဖုန်းခများ ပေးချေရာတွင် ဌာနငွေစာရင်းမှ ထုတ်ပြီးသည်နှင့် ချက်ချင်းပေးသွင်းရန်၊

၃၃။ ဝယ်ယူသည့်ပစ္စည်းများနှင့် ဌာနမှဖြန့်ဝေရရှိသည့် ပစ္စည်းများအားလုံး သက်ဆိုင်ရာ
မှတ်တမ်းတွင်ရေးသွင်းရန်၊

၃၄။ စက်သုံးဆီများ သုံးစွဲမှုအတွက် ရ-သုံးစာရင်းဖွင့်လှစ်သုံးစွဲရန်၊

၃၅။ သက်ဆိုင်ရာစက်များ၏ စက်ပစ္စည်းမှတ်တမ်း (Log Book) ရေးသွင်းရန်၊

၃၆။ ရုံးအသုံးအဆောင်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းနှင့် စက်ကိရိယာပြင်ဆင်မှုတို့အတွက် စနစ်
တကျမှတ်တမ်းပြုစုထားရန်၊

၃၇။ ဝန်ထမ်းများ၏ နှစ်တိုးလစာငွေများအား အချိန်နှင့်တပြေးညီ ခွင့်ပြုထုတ်ပေးနိုင်ရေးအတွက် တာဝန်ရှိသူမှ အထက်ရုံးအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရန်၊

၃၈။ စာရေးကိရိယာများ ဝယ်ယူသုံးစွဲမှုအတွက် စာရေးကိရိယာ မှတ်ပုံတင်စာအုပ် ဖွင့်လှစ်ရေး ဆောင်ရွက်ရန်၊

၃၉။ ခရိုင်/မြို့နယ်အသီးသီးရှိ ပုံသေပိုင်ပစ္စည်းများ၏ အမှန်တည်ရှိမှုအခြေအနေကို နှစ်စဉ်တင်ပြရန်၊

၄၀။ ဝန်ထမ်းလစာတောင်းခံလွှာများတွင် ချက်နံပါတ်၊ နေ့စွဲ၊ ပြေစာအမှတ်စသည်တို့ ပြည့်စုံစွာ ရေးသားထားရန်၊

၄၁။ နှစ်တိုးနှင့် လစာကျွန်များ ပေးချေပါက အသေးစိတ်တွက်ချက်မှုစာရင်းနှင့် ရုံးအမိန့်စာများပါ ပူးတွဲထားရှိရန်၊

၄၂။ ပျမ်းမျှလစာများ မှန်ကန်စွာ တွက်ချက်ရန်နှင့် ဝန်ထမ်းလစာငွေများ လက်ခံရရှိကြောင်း လက်မှတ်ပြည့်စုံစွာရေးထိုးထားရန်၊

၄၃။ ခရီးစရိတ်ထုတ်ပေးရာတွင် မြန်မာနိုင်ငံခရီးစရိတ်ဥပဒေနှင့်အညီစိစစ်ခွင့်ပြုရန်နှင့် သက်ဆိုင်သည့်ခရီးသွားလာခွင့် အထောက်အထားပြေစာများ ပူးတွဲထားရှိရန်၊

၄၄။ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်သည့် ဘုတ်တိုင်များပြုလုပ်စိုက်ထူခြင်း သတိပေးဆိုင်းဘုတ်များရေးသားခြင်း၊ ပင်မစခန်းတဲနှင့်အရံတဲများ ဆောက်လုပ်ခြင်းစသည်တို့အတွက် ပစ္စည်းဘိုးအပါအဝင်လုပ်အားခများ ပေးချေရာတွင် သက်ဆိုင်ရာ ပစ္စည်းဘိုးနှင့် လုပ်အားခပြေစာများပေါ်တွင် စခန်းတဲများ၏ တည်နေရာ အရွယ်အစားနှင့် တန်ဘိုးများ ဖော်ပြ၍ အသေးစိတ်တွက်ချက်မှုများ ပူးတွဲထားရှိရန်၊

၄၅။ စခန်းချ ပစ္စည်းဝယ်ယူခြင်းနှင့် စခန်းတဲဆောက်လုပ်ခြင်း စသည်တို့အတွက် ပစ္စည်းဘိုးနှင့် လုပ်အားခပေးချေရာတွင် သက်ဆိုင်သည့် ပစ္စည်းဘိုးနှင့် လုပ်အားခ ပြေစာများ ပြည့်စုံစွာ ပူးတွဲထားရှိရန်၊

၄၆။ ဌာနဆိုင်ရာအချင်းချင်း ပေးချေသည့် အသုံးစရိတ်များကို မျဉ်းသားချက်ဖြင့် ပေးချေရန်၊

၄၇။ ပုံသေပိုင်ပစ္စည်းများ (အဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊မော်တော်ယာဉ်၊ စက်ပစ္စည်းများ အတွက် ပစ္စည်းစာရင်း မှတ်ပုံတင်ဖွင့်လှစ်၍ စနစ်တကျ မှတ်တမ်းရေးသွင်းရန်၊

၄၈။ အထက်အဖွဲ့အစည်း အဆင့်ဆင့်မှ လာရောက်စစ်ဆေးလမ်းညွှန်ချက်များအား ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု မှတ်တမ်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းဆောင်ရွက်ရန်၊

၄၉။ ဓါတ်မြေသြဇာရရှိမှုနှင့်သုံးစွဲမှုအတွက် စိုက်ခင်းတာဝန်ခံများမှ မှတ်တမ်းထားရှိရန်၊

၅၀။ လုပ်ငန်းသုံးပစ္စည်းများကို ပစ္စည်းလယ်ဂျာတွင် ပြည့်စုံစွာ ရေးသွင်းထားရန် ပစ္စည်းထုတ်ပေးရာတွင်လည်း သတ်မှတ်ပုံစံဖြင့် ထုတ်ပေးရန်နှင့် ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် ခေါင်းစဥ် ခွဲခြားရေးသွင်းရန်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့


ညွှန်ကြားရေးမှူး(စီမံ) ၀၂ ၂၇၀၇၅ (ရုံး)
Fax ၀၂ ၂၇၉၈၃
ဒု-ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ၀၂ ၂၈၀၄၅ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ ၂၇၀၃၈ (ရုံး)
Fax ၀၂ ၂၇၀၃၈
ရုံးအဖွဲ့ ၀၂ ၂၈၀၄၆ (ရုံး)
E-mail : dgdzmof@mptmail.net.mm


စာအမှတ်။ စီမံ/ဘဏ္ဍာ/၁၁၉၉-၁၂၀၅/က(က)၁/၂၀၁၃
ရက်စွဲ ။၂၀၁၃ ခုနှစ်၊ ဇွန်လ ၇၁ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ ဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေးကိစ္စ

ရည် ညွှန်း ချက် ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၆-၆-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၂/၁၇၀(က)(၁)/(၃၄၅၈/၂၀၁၃)

၁။ အထက် အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ(၂၃)ရက်စွဲပါ စာအမှတ်၊ စဆ/၂၀၂(၂၉/၂၀၁၃)နှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီး၏ အောက်ပါမိန့်မှတ်ချက်အား လိုက်နာဆောင်ရွက်ရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်-

"သဘောတူသည် ဆောင်ရွက်စေပါ"

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စု ဝန်ကြီး၏ မိန့်မှတ်ချက်အား လိုက်နာဆောင်ရွက်သွားပါရန် နှင့်ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အကြောင်းကြားစာ စာမျက်နှာ(၂) အပိုဒ်(၅)ပါ "စာရင်းစစ်အဖွဲ့များ၏စာဖြင့်နှုတ်ဖြင့် ဆွေးနွေးမေးမြန်း အတည်ပြုချက် ရယူမှုတွင် ပူးပေါင်းကူညီဆောင်ရွက်စေရေး စာရင်းစစ်လုပ်ငန်း အပြီးသတ်ချိန် Winding-Up ၌ ကိုယ်တိုင်တက်ရောက်ပါဝင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးရေး" အကြောင်းကြားစာအား သိရှိလိုက်နာဆောင်ရွက်သွားပါရန်နှင့် မိမိလက်အောက်ရုံးဌာနများသို့လည်း ထပ်ဆင့်အကြောင်းကြားသွားပါရန် ညွှန်ကြားပါသည်။
(ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အကြောင်းကြားစာ မိတ္တူပူးတွဲ ပေးပို့ပါသည်။)

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဇော်ဝင်း-၇၊ဒုတိယညွှန်ကြားရေးမှူးချုပ်]

D/CSSA/13-14(m(April)

မိတ္တူ/-

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။
(၂) ညွှန်ကြားရေးမှူး(စီမံ/စီမံကိန်း/အင်ယာ)၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့ထံ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အကြောင်းကြားချက်ဖြင့် ပေးပို့ပါသည်။
(၃) ရုံးလက်ခံ
(၄) မျှောစာတွဲ
(၅) အမှုတွဲဖိုင်

ရေ

# စ.ထ.ထရ လုပ်ငန်းခွင့်ပြုစံနှုန်းများ

(၁၄) (၅)နှစ်ဆက်တိုက်ဆောင်ရွက်မည့်သဘာဝတောလုပ်ငန်းများနှင့်ခွင့်ပြုစံနှုန်းသစ်များ

| စဉ် | သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းစဉ် | တစ်ဧက စံနှုန်းအသစ်(ကျပ်) | | | | |
|---|---|---|---|---|---|---|
| | | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္တနှစ် | ပဉ္စမနှစ် |
| ၁ | ကွင်းဆင်းတိုင်းတာခြင်း | | | | | |
| | (က)ရေိယာနယ်နိမိတ်ရွေးချယ် အတည်ပြုခြင်း | ၁၀၀ | - | - | - | - |
| | (ခ) ပါဝင်ပင်မြေပုံရေးဆွဲခြင်း | ၂၀ | - | - | - | - |
| ၂ | နမူနာစာရင်းကောက်ယူခြင်း (ပထမနှစ်မှပဉ္စမနှစ်ထိ) | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ |
| ၃ | နယ်နိမိတ်သတ်မှတ်ခြင်း(ပထမနှစ်)၊ ပြင်ဆင်ခြင်း(ပဉ္စမနှစ်) | ၂၀၀ | - | - | - | ၁၀၀ |
| ၄ | စခန်းချခြင်း (ပထမနှစ်)၊ ပြင်ဆင်ခြင်း (တတိယနှစ်) | ၂,၀၀၀ | - | ၅၀၀ | - | - |
| ၅ | ဆိုင်းဘုတ်များပြုလုပ်စိုက်ထူခြင်း(ပထမနှစ်) ၊ ပြင်ဆင်ခြင်း (ပဉ္စမနှစ်) | ၂၆၃ | - | - | - | ၂၆၃ |
| ၆ | အစောင့်ငှားရမ်းခြင်း(ပထမနှစ်x၂ဦးx၉လ) (ဒုတိယနှစ်မှပဉ္စမနှစ်အထိ x ၂ဦး x ၁၂လ) | ၁,၉၄၄ | ၂,၅၉၂ | ၂,၅၉၂ | ၂,၅၉၂ | ၂,၅၉၂ |
| ၇ | စစ်ဆေးလမ်းဖောက်လုပ်ခြင်း(ပထမနှစ်)၊ ပြင်ဆင်ခြင်း (တတိယနှစ်၊ပဉ္စမနှစ်) | ၅၃၀ | - | ၂၆၅ | - | ၂၆၅ |
| ၈ | မီးကာကွယ်ခြင်း (၁၂ပေအကျယ်မီးတားလမ်းဖောက်လုပ်ခြင်း) (ပထမနှစ်)၊ပြင်ဆင်ခြင်း (တတိယနှစ်၊ပဉ္စမနှစ်) | ၃၇၀ | - | ၁၈၅ | - | ၁၈၅ |
| | သဘာဝတောထိန်းပေါင်း | ၅,၆၂၇ | ၂,၇၉၂ | ၃,၇၄၂ | ၂,၇၉၂ | ၃,၆၀၅ |
| | (၅)နှစ်အတွက် (၁)ဧကစံနှုန်းပေါင်း | | | | | ၁၈,၅၅၈ |
| | ဧက(၁၀၀၀)အတွက်ပေါင်း | | | | | ၁၈,၅၅၈,၀၀၀ |
| | မွေ့တာမျိုးဆက်ခြင်းလုပ်ငန်း | တစ်ဧက စံနှုန်းအသစ်(ကျပ်) | | | | |
| ၉ | မွေ့တာမျိုးဆက်ခြင်း (ပနှစ်၊ဒုနှစ်၊တနှစ်) | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္တနှစ် | ပဉ္စမနှစ် |
| | (က)ကွင်းဆင်းတိုင်းတာခြင်း | ၅၀၀ | ၅၀၀ | ၅၀၀ | - | - |
| | (ခ) နယ်နိမိတ်သတ်မှတ် | ၄၀၀ | ၄၀၀ | ၄၀၀ | - | - |
| | (ဂ) ဆိုင်းဘုတ်ပြုလုပ်ခြင်း | ၄၆၅ | ၄၆၅ | ၄၆၅ | - | - |
| | (ဃ)နွယ်ဖြတ်၊ပင်ပူးခွာ/ကိုင်းချိုင်၊ ငုတ်တက်ချွန် | ၇,၅၀၀ | ၇,၅၀၀ | ၇,၅၀၀ | - | - |
| | (င)ထင်းဖြတ်/ရှင်းလင်း/စုပုံ/သယ်ယူ/ဖြန့်ဝေခြင်း | ၁,၅၀၀ | ၁,၅၀၀ | ၁,၅၀၀ | - | - |
| | မွေ့တာမျိုးဆက်ခြင်းပေါင်း | ၁၀,၃၆၅ | ၁၀,၃၆၅ | ၁၀,၃၆၅ | - | - |
| | (၃)နှစ်အတွက် တစ်ဧကစံနှုန်းပေါင်း | | | ၃၁,၀၉၅ | | |
| | ဧက(၃၀၀)အတွက်ပေါင်း | | | ၉,၃၂၈,၅၀၀ | | |
| | တောထိန်း(၁၀၀၀)ဧကနှင့်မွေ့တာ(၃၀၀)ဧကစုစုပေါင်း | | | ၂၇,၈၈၆,၅၀၀ | | |

(၁၅) ရေရရှိရေးအကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းလုပ်ငန်း(အသေးစိတ်တွက်ချက်မှုစာရင်း)

| စဉ် | အကြောင်းအရာ | | ခွင့်ပြုငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရေကန်ငယ်တူး<br>ဖော်ခြင်း | အရွယ်အစား(၁၀၀'×၅၀'×၆')<br>(က)မြေကျင်းတူးဖော်ခ<br>၂၅၀ကျင်း×(၁.၅)ဦး×<br>၃၆၀၀ိ/-၅၀ကျင်း×<br>(၂)ဦး×၃၆၀၀ိ/- | ၁,၃၅၀,၀၀၀<br>၃၆၀,၀၀၀ | (၁၀၀)ကုဗပေတစ်ကျင်းလျှင်အနက်<br>(၅')အထိနေ့စား(၁.၅)ဦး×၃၆၀၀ိ/-၊<br>(၁၀၀)ကုဗပေတစ်ကျင်းလျှင်အနက်<br>(၅')ထက်ကျော်ပါကနေ့စား(၂)ဦး× ၃၆၀၀ိ/-<br>နှုန်းဖြင့် တွက်ချက်ပါသည်။ |
| | | (ခ) ဆိုင်းဘုတ်ဖိုး<br>၁ ခု × ၁၅၀၀၀ိ/- | ၁၅,၀၀၀ | |
| | | (ဂ) ရေတိုင်းမှတ်တိုင်<br>၁ ခု × ၉၅၀၀ိ/- | ၉,၅၀၀ | |
| | | (ဃ)အုတ်လှေကား<br>၁ ခု × ၃၅၀၀၀၀ိ/- | ၃၅၀,၀၀၀ | |
| | | ပေါင်း | ၂,၀၈၄,၅၀၀ | |
| | | ဆို | ၂,၀၈၃,၀၀၀ | |
| ၂။ | ကျောက်စီနှုန်း<br>တားတမံ<br>တည်ဆောက် ခြင်း | အလျား(၃၀)ပေ၊ အောက်ခြေအကျယ်(၃)ပေ၊<br>ထိပ်ဝအကျယ် (၂)ပေ၊ မြေပေါ်အမြင့် (၅)ပေအတွက်<br>(က)ကျောက်ကြီးဝယ်ယူခြင်း<br>၅.၅ကျင်း×၁၅၀၀၀ိ/- | ၈၂,၅၀၀ | - အောက်ခြေကျင်းအတွင်းစီရန်<br>(၃၀'×၃'×၁.၅') = ၁၃၅ ကုဗပေ<br>- ရေကျခံမြေကျင်းတွင်စီရန်<br>(၅'×၄'×၁') = ၂၀ ကုဗပေ<br>- မြေပေါ်ကျောက်တန်းတည်<br>ဆောက်ရန်(၃၀'×၂.၅'×၅')<br>= ၃၇၅ကုဗပေ<br>- ရေလွှဲပေါက်၏ထုထည်<br>(၃'×၁.၅'×၃') =၁၃.၅ ကုဗပေ<br>(၁၃၅+၂၀+၃၇၅-၁၃.၅)<br>စုစုပေါင်း = ၅၁၆.၅ ကုဗပေ<br>= ၅.၅ ကျင်း |
| | | (ခ) ကျောက်စီလုပ်အားခ<br>နေ့စား(၆)ဦး × ၃၆၀၀ိ/- | ၂၁,၆၀၀ | |
| | | (ဂ) လိုင်းကျင်းတူးဖော်ခြင်း<br>၁.၅၅ကျင်း×(၁.၅)ဦး×၃၆၀၀ိ/- | ၈,၃၇၀ | - လိုင်းကျင်းတူးဖော်ခြင်း=<br>အောက်ခြေလိုင်းကျင်း+ရေကျခံမြေကျင်း<br>တူးခြင်း<br>- အောက်ခြေလိုင်းကျင်း<br>(၃၀'×၃'×၁.၅') = ၁၃၅ ကုဗပေ<br>- ရေကျခံမြေကျင်းတူးခြင်း<br>(၅'×၄'×၁') = ၂၀ကုဗပေ<br>လိုင်းကျင်းတူးဖော်ခြင်း=<br>၁၃၅+၂၀ကုဗပေ= ၁.၅၅ကျင်း |
| | | (ဃ) သယ်ယူခ ၅.၅ ကျင်း×<br>၁၀၀၀၀ိ/ | ၅၅,၀၀၀ | |
| | | ပေါင်း | ၁၆၇,၄၇၀ | |
| | | ဆို | ၁၇၀,၀၀၀ | |

| စဉ် | အကြောင်းအရာ | | ခွင့်ပြုငွေ | မှတ်ချက် |
|---|---|---|---|---|
| ၃ | မြေအောက်ရေ (အဝီစိတွင်း) တူးဖော်ခြင်း | (က)တွင်းတူးဖော်ခြင်း(၅၀၀') (ပစ္စည်းဘိုး+လုပ်အားခ) | ၁,၈၈၈,၅၀၀ | |
| | | (ခ)ရေစက်ရုံတည်ဆောက်ခြင်း (၆'× ၆'×၇') | ၇၂၆,၉၄၃ | |
| | | (ဂ)အုတ်ရေကန်တည်ဆောက်ခြင်း (၆'× ၅'×၆') | ၈၂၃,၇၇၀ | |
| | | ပေါင်း | ၃,၄၃၉,၂၁၃ | |
| | | ဆို | ၃,၄၄၀,၀၀၀ | |
| ၄ | မိုးရေစုကန် | (က)အုတ်ရေကန်တည်ဆောက်ရန် ပစ္စည်း တန်ဖိုး<br>(ခ)ရေတလျှောက်တပ်ဆင်ရန်ပစ္စည်း တန်ဖိုး<br>(ဂ)အုတ်ရေကန်တည်ဆောက်ခြင်းလုပ် အားခ<br>(ဃ)ရေတံလျှောက်တပ်ဆင်ရန်လုပ်အား ခ<br>(င) (ဌာနပံ့ပိုး ပစ္စည်းမပါ) | ၂,၀၂၇,၁၉၉<br>၉၂,၄၀၀<br>၇၄၈,၂၀၀<br>၈၅,၀၀၀ | |
| | | ပေါင်း | ၂,၉၅၂,၇၉၉ | |
| | | ဆို | ၂,၉၅၃,၀၀၀ | |

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယ(၆)လတွင် စတင်အသုံးပြုမည့် ပန္နက်အကွာအဝေးနှင့် စိုက်ခင်း(၁)ဧကစာ စရိတ်နှုန်းသစ်**

စိုက်ခင်းအမျိုးအစား= ကျေးရွာသုံး ( ၁- ဧက = ၅၄၀ ပင်)

ပန္နက်အကွာအဝေး = ၉ ပေ X ၉ ပေ

| စဉ် | | အကြောင်းအရာ | စံနှုန်း(ကျပ်) | | |
|---|---|---|---|---|---|
| | | | (၃-၆လ) | (ပ-၆လ) | ပေါင်း |
| ၁ | | သစ်စေ့စုဆောင်းခြင်းနှင့် ပျိုးဥယျာဉ်လုပ်ငန်း | ၁၆၉၇၅ | ၃၈၀၅ | ၂၀၇၈၀ |
| | က | သစ်စေ့စုဆောင်းခြင်း | ၂၀၀၀ | - | ၂၀၀၀ |
| | ခ | ပျိုးပင်အတွက် နွားချေးမြေဆွေး/ သဲဝယ်ယူခြင်း | ၆၂၀၀ | - | ၆၂၀၀ |
| | ဂ | ယာယီပျိုးဥယျာဉ် တည်ထောင်ခြင်း(ဂေါ်ပြား/ ပေါက်တူး/ ခြင်းစသည်ဝယ်) | ၃၀၈၀ | - | ၃၀၈၀ |
| | ဃ | ပျိုးထောင်ခြင်း(ဖာထေးခြင်း ၂၅ % အပါအဝင်) | ၅၆၉၅ | ၃၈၀၅ | ၉၅၀၀ |
| | | | | | |
| ၂ | | စိုက်ပျိုးခြင်းလုပ်ငန်း | ၃၄၇၃၆၀ | ၃၃၉၀၀ | ၃၈၀၂၆၀ |
| | က | မြေတိုင်းတာခြင်း | ၅၀၀ | - | ၅၀၀ |
| | ခ | ပန္နက်ဝယ်ယူခြင်း(တုံးပန္နက်ဖြင့်) | ၅၀၆၀ | - | ၅၀၆၀ |
| | ဂ | ပန္နက်ရိုက်ခြင်း | ၁၀၈၀၀ | - | ၁၀၈၀၀ |
| | ဃ | ကျင်းတူး/ ကျင်းဖို့ခြင်း | ၂၈၇၀၀၀ | - | ၂၈၇၀၀၀ |
| | | (၄'x၁½'x၁½')+(၁'x၁'x၁')(တောင်စောင်း) | | | |
| | | (၃'x၃'x၁')+(၁'x၁'x၁')(မြေပြန့်) | | | |
| | င | နွားချေးမြေဩဇာထည့်ခြင်း | ၃၄၀၀၀ | - | ၃၄၀၀၀ |
| | စ | ပျိုးပင်သယ်ယူခြင်း | - | ၈၁၀၀ | ၈၁၀၀ |
| | ဆ | စိုက်ပျိုးခြင်း | - | ၂၂၅၀၀ | ၂၂၅၀၀ |
| | ဇ | သေပင်ဖာထေးခြင်း | - | ၃၃၀၀ | ၃၃၀၀ |
| | | | | | |
| ၃ | | စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်း | - | ၈၆၈၇၀ | ၈၆၈၇၀ |
| | က | ပေါင်းရှင်းခြင်း(ပထမအကြိမ်+ ဒုတိယအကြိမ်) | - | ၅၄၀၀၀ | ၅၄၀၀၀ |
| | ခ | မြေဩဇာဝယ်ခြင်း/ ကျွေးခြင်း | - | ၁၈၇၀၀ | ၁၈၇၀၀ |
| | ဂ | မီးကာကွယ်ခြင်း | - | ၁၀၇၇၀ | ၁၀၇၇၀ |
| | ဃ | စစ်ဆေးလမ်းဖောက်လုပ်ခြင်း | - | ၉၀၀ | ၉၀၀ |
| | င | ရှင်ပင်/ သေပင် ရေတွက်ခြင်း | - | ၂၅၀၀ | ၂၅၀၀ |
| | | | | | |
| ၄ | | အထွေထွေစရိတ် | ၄၄၉၅ | ၅၁၅ | ၅၀၁၀ |
| | က | စခန်းချ | ၆၉၀ | - | ၆၉၀ |
| | ခ | စခန်းချပစ္စည်းဝယ်ခြင်း | ၁၀၃၀ | - | ၁၀၃၀ |
| | ဂ | လုပ်သားသယ်ယူပို့ဆောင်ခြင်း | ၅၁၅ | ၅၁၅ | ၁၀၃၀ |
| | ဃ | စိုက်ခင်းဘုတ်တိုင်ပြုလုပ်ခြင်း | ၈၉၀ | - | ၈၉၀ |
| | င | စိုက်ခင်းဘုတ်တိုင်စိုက်ထူခြင်း | ၁၃၇၀ | - | ၁၃၇၀ |
| | | | | | |
| ၅ | | ဌာနပံ့ပိုးပစ္စည်း | ၁၃၅၀၀ | - | ၁၃၅၀၀ |
| | က | ပလတ်စတစ်ပျိုးအိတ်/ ရေပိုက်စသည် ဝယ်ယူခြင်း | ၁၃၅၀၀ | - | ၁၃၅၀၀ |
| | | စုစုပေါင်း | ၃၈၂၃၃၀ | ၁၂၅၀၉၀ | ၅၀၇၄၂၀ |

## ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ဒုတိယ(၆)လတွင်စတင်အသုံးပြုမည့် ပန္နက်အကွာအဝေးနှင့် စိုက်ခင်း(၁)ဧကစံနှုန်းသတ်

စိုက်ခင်းအမျိုးအစား= အခြားစိုက်ခင်း( ၁- ဧက = ၁၂၁၀ ပင်)

ပန္နက်အကွာအဝေး = ၆ ပေ X ၆ ပေ

| စဉ် | | အကြောင်းအရာ | စံနှုန်း(ကျပ်) | | |
|---|---|---|---|---|---|
| | | | (ဒု-၆လ) | (ပ-၆လ) | ပေါင်း |
| ၁ | | သစ်စေ့စုဆောင်းခြင်းနှင့် မျိုးဥယျာဉ်လုပ်ငန်း | ၃၅၆၉၀ | ၈၃၃၀ | ၄၄၀၂၀ |
| | က | သစ်စေ့စုဆောင်းခြင်း | ၂၅၀၀ | - | ၂၅၀၀ |
| | ခ | မျိုးပင်အတွက် နွားချေးမြေဆွေး/ သဲဝယ်ယူခြင်း | ၁၃၈၂၀ | - | ၁၃၈၂၀ |
| | ဂ | ယာယီမျိုးဥယျာဉ် တည်ထောင်ခြင်း (ဂေါ်ပြား/ ပေါက်တူး/ ခြင်းစသည်ဝယ်) | ၆၉၀၀ | - | ၆၉၀၀ |
| | ဃ | မျိုးထောင်ခြင်း(ဖာထေးခြင်း ၂၅ % အပါအဝင်) | ၁၂၄၇၀ | ၈၃၃၀ | ၂၀၈၀၀ |
| | | | | | |
| ၂ | | စိုက်ပျိုးခြင်းလုပ်ငန်း | ၇၇၇၅၅၀ | ၇၄၄၁၀ | ၈၅၁၉၆၀ |
| | က | မြေတိုင်းတာခြင်း | ၅၀၀ | - | ၅၀၀ |
| | ခ | ပန္နက်ဝယ်ယူခြင်း(ထုံးပန္နက်ဖြင့်) | ၁၁၃၅၀ | - | ၁၁၃၅၀ |
| | ဂ | ပန္နက်ရိုက်ခြင်း | ၂၄၂၀၀ | - | ၂၄၂၀၀ |
| | ဃ | ကျင်းတူး/ ကျင်းဖို့ခြင်း | ၆၆၅၅၀၀ | - | ၆၆၅၅၀၀ |
| | | (၃'x၃'x၁')+(၁'x၁'x၁')(မြေပြုန်) | | | |
| | | | | | |
| | င | နွားချေးမြေသြဇာထည့်ခြင်း | ၇၆၀၀၀ | - | ၇၆၀၀၀ |
| | စ | မျိုးပင်သယ်ယူခြင်း | - | ၁၈၁၅၀ | ၁၈၁၅၀ |
| | ဆ | စိုက်ပျိုးခြင်း | - | ၄၉၀၀၀ | ၄၉၀၀၀ |
| | ဇ | သေပင်ဖာထေးခြင်း | - | ၇၂၆၀ | ၇၂၆၀ |
| | | | | | |
| ၃ | | စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်း | - | ၁၈၀၂၇၀ | ၁၈၀၂၇၀ |
| | က | ပေါင်းရှင်းခြင်း(ပထမအကြိမ်+ ဒုတိယအကြိမ်) | - | ၁၂၁၀၀၀ | ၁၂၁၀၀၀ |
| | ခ | မြေသြဇာဝယ်ခြင်း/ ကျွေးခြင်း | - | ၄၂၀၀၀ | ၄၂၀၀၀ |
| | ဂ | မီးကာကွယ်ခြင်း | - | ၁၀၇၇၀ | ၁၀၇၇၀ |
| | ဃ | စစ်ဆေးလမ်းဖောက်လုပ်ခြင်း | - | ၉၀၀ | ၉၀၀ |
| | င | ရှင်ပင်/ သေပင် ရေတွက်ခြင်း | - | ၅၆၀၀ | ၅၆၀၀ |
| | | | | | |
| ၄ | | အထွေထွေစရိတ် | ၄၄၉၅ | ၅၁၅ | ၅၀၁၀ |
| | က | စခန်းချခ | ၆၉၀ | - | ၆၉၀ |
| | ခ | စခန်းချပစ္စည်းဝယ်ခြင်း | ၁၀၃၀ | - | ၁၀၃၀ |
| | ဂ | လုပ်သားသယ်ယူပို့ဆောင်ခြင်း | ၅၁၅ | ၅၁၅ | ၁၀၃၀ |
| | ဃ | စိုက်ခင်းဘုတ်တိုင်ပြုလုပ်ခြင်း | ၈၉၀ | - | ၈၉၀ |
| | င | စိုက်ခင်းဘုတ်တိုင်စိုက်ထူခြင်း | ၁၃၇၀ | - | ၁၃၇၀ |
| | | | | | |
| ၅ | | ဌာနပံ့ပိုးပစ္စည်း | ၁၈၆၉၀ | - | ၁၈၆၉၀ |
| | က | ပလတ်စတစ်ပျိုးအိတ်/ ရေပိုက်စသည် ဝယ်ယူခြင်း | ၁၈၆၉၀ | - | ၁၈၆၉၀ |
| | | စုစုပေါင်း | ၈၃၆၄၂၅ | ၂၆၃၅၂၅ | ၁၀၉၉၉၅၀ |

**၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ဒုတိယ(၆)လတွင်စတင်အသုံးပြုမည့် ပန်းကန်အကွာအဝေးနှင့် စိုက်ခင်း(၁)ဧကစရိတ်စနစ်**

စိုက်ခင်းအမျိုးအစား= တောင်တန်း/ရေဝေရေလဲစိုက်ခင်း( ၁- ဧက = ၄၀၃ ပင်)

ပန်းကန်အကွာအဝေး = ၁၂ ပေ X ၉ ပေ(ဝက်ခေါင်းထိုးစနစ်)

| စဉ် | | အကြောင်းအရာ | စံနှုန်း(ကျပ်) | | |
|---|---|---|---|---|---|
| | | | (၃-၆လ) | (ပ-၆လ) | ပေါင်း |
| ၁ | | သစ်စေ့စုဆောင်းခြင်းနှင့် ပျိုးဥယျာဉ်လုပ်ငန်း | ၁၂၉၁၇ | ၂၆၈၃ | ၁၅၆၀၀ |
| | က | သစ်စေ့စုဆောင်းခြင်း | ၂၀၀၀ | - | ၂၀၀၀ |
| | ခ | ပျိုးပင်အတွက် မြေဆွေး/ သဲဝယ်ယူခြင်း | ၄၆၀၀ | - | ၄၆၀၀ |
| | ဂ | ယာယီပျိုးဥယျာဉ် တည်ထောင်ခြင်း(ဓါးပြား/ ပေါက်တူး/ ခြင်းစသည်ဝယ်) | ၂၃၀၀ | - | ၂၃၀၀ |
| | ဃ | ပျိုးထောင်ခြင်း(ဖာထေးခြင်း ၂၅ % အပါအဝင်) | ၄၀၁၇ | ၂၆၈၃ | ၆၇၀၀ |
| | | | | | |
| ၂ | | စိုက်ပျိုးခြင်းလုပ်ငန်း | ၂၅၉၂၉၀ | ၂၄၇၄၅ | ၂၈၄၀၃၅ |
| | က | မြေတိုင်းတာခြင်း | ၅၀၀ | - | ၅၀၀ |
| | ခ | ပန်းကန်ဝယ်ယူခြင်း | ၃၇၉၀ | - | ၃၇၉၀ |
| | ဂ | ပန်းကန်ရိုက်ခြင်း | ၈၀၅၀ | - | ၈၀၅၀ |
| | ဃ | ကျင်းတူး/ ကျင်းဖို့ခြင်း | ၂၂၁၆၅၀ | - | ၂၂၁၆၅၀ |
| | | (၄'x၁½'x၁½')+(၁'x၁'x၁')(ဝက်ခေါင်းထိုးစနစ်) | | | |
| | | | | | |
| | င | နွားချေး/ မြေဆွေးထည့်ခြင်း | ၂၅၃၀၀ | - | ၂၅၃၀၀ |
| | စ | ပျိုးပင်သယ်ယူခြင်း | - | ၆၀၄၅ | ၆၀၄၅ |
| | ဆ | စိုက်ပျိုးခြင်း | - | ၁၆၂၀၀ | ၁၆၂၀၀ |
| | ဇ | သေပင်ဖာထေးခြင်း | - | ၂၅၀၀ | ၂၅၀၀ |
| | | | | | |
| ၃ | | စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်း | - | ၆၇၇၇၀ | ၆၇၇၇၀ |
| | က | ပေါင်းရှင်းခြင်း(ပထမအကြိမ်+ ဒုတိယအကြိမ်) | - | ၄၀၃၀၀ | ၄၀၃၀၀ |
| | ခ | မြေသြဇာဝယ်ခြင်း/ ကျွေးခြင်း | - | ၁၃၉၀၀ | ၁၃၉၀၀ |
| | ဂ | မီးကာကွယ်ခြင်း | - | ၁၀၇၇၀ | ၁၀၇၇၀ |
| | ဃ | စစ်ဆေးလမ်းဖောက်လုပ်ခြင်း | - | ၉၀၀ | ၉၀၀ |
| | င | ရှင်ပင်/ သေပင် ရေတွက်ခြင်း | - | ၁၉၀၀ | ၁၉၀၀ |
| | | | | | |
| ၄ | | အထွေထွေစရိတ် | ၄၄၉၅ | ၅၁၅ | ၅၀၁၀ |
| | က | စခန်းချခ | ၆၉၀ | - | ၆၉၀ |
| | ခ | စခန်းချပစ္စည်းဝယ်ခြင်း | ၁၀၃၀ | - | ၁၀၃၀ |
| | ဂ | လုပ်သားသယ်ယူပို့ဆောင်ခြင်း | ၅၁၅ | ၅၁၅ | ၁၀၃၀ |
| | ဃ | စိုက်ခင်းဘုတ်တိုင်ပြုလုပ်ခြင်း | ၈၉၀ | - | ၈၉၀ |
| | င | စိုက်ခင်းဘုတ်တိုင်စိုက်ထူခြင်း | ၁၃၇၀ | - | ၁၃၇၀ |
| | | | | | |
| ၅ | | ဌာနပံ့ပိုးပစ္စည်း | ၁၂၄၀၀ | - | ၁၂၄၀၀ |
| | က | ပလတ်စတစ်ပျိုးအိတ်/ ရေပိုက်စသည် ဝယ်ယူခြင်း | ၁၂၄၀၀ | - | ၁၂၄၀၀ |
| | | စုစုပေါင်း | ၂၈၉၁၀၂ | ၉၅၇၁၃ | ၃၈၄၈၁၅ |

(31-7-2017)(A-5)